JUSTICE WITH CHILDREN
www.justicewithchildren.org

# ကလေးသူငယ်များအတွက် တရားမျှတမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ကြေညာချက်

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်

၂၀၂၁ ခုနှစ် ကလေးများအတွက် တရားမျှတမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာကွန်ဂရက်၊

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀ ရက်အတွင်းတွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ မျိုးဆက်သစ်ပါဝင်သူ ၄၈၀၀ ကျော်ကို "ကလေးများအားလုံးတရားမျှတမှုရရှိစေရေး - ခွဲခြားဆက်ဆံမှုကင်းမဲ့ပြီး အားလုံးပါဝင်နိုင်သောကလေးသူငယ်တရားမျှတရေးအစီအစဉ်များဆီသို့" ဟူသောအကြောင်းအရာဖြင့် အွန်လိုင်းမှတစ်ဆင့်**စုစည်းခဲ့ပါသည်**၊

ကလေးသူငယ်များနှင့်တရားမျှတမှုအပေါ် ကမ္ဘာလုံးဆိုင်ရာအစပျိုးမှု ( Terre des hommes လုပ်ငန်းစု၊ နိုင်ငံတကာရာဇသတ်ကြီး ပြုပြင်ပြောင်းလဲရေး (Penal Reform International)၊ အပြည်ပြည်ဆိုင်ရာ လူငယ်နှင့် မိသားစု တရားသူကြီးများအဖွဲ့အစည်း (International Association of Youth and Family Judges and Magistrates) နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Institute for the Rights of the Child) ) မှ **စီစဉ်ပြီး**သိပ္ပံနည်းကျကော်မတီ၊ ဂုဏ်ပြုကော်မတီ၊ ကလေးနှင့်လူငယ်ဆိုင်ရာ အကြံပေးအဖွဲ့ နှင့် ကမ္ဘာလုံးဆိုင်ရာ ကွန်ဂရက်၏ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အစည်းအဝေးများ၏ အားထုတ်မှုများ၊ Baker McKenzie မှ အခမဲ့ထောက်ပံ့မှုနှင့်အတူ ဥရောပကောင်စီနှင့် ဥရောပပါလီမန်၏ ဦးဆောင်မှုအောက်တွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံး၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး၊ တရားမျှတပြီး အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်းများအတွက် လမ်းကြောင်းရှာသူများတို့မှ နည်းပညာထောက်ပံ့မှုတို့နှင့်အတူ ဖက်ဒရယ် မက္ကဆီကို တရားလွှတ်တော်ချုပ်မှ လက်ခံကျင်းပခဲ့သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် သက်ဆိုင်ရာ အခြား နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးစံနှုန်းများတွင်ပါဝင်သော ကလေးသူငယ်အခွင့်အရေးများကို မြှင့်တင်ရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန် ခိုင်မာသောကတိကဝတ်ကို **ထပ်မံအတည်ပြုခြင်း၊**

ကလေးသူငယ်များအတွက် တရားမျှတမှု၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုနှင့် ကလေးသူငယ်တရားစီရင်ရေးစနစ်များ အားကောင်းလာစေရေးတို့အား လွှမ်းခြုံထားသော ခေါင်းစဉ်များကို ဗဟိုပြုသည့် ယခင်ကမ္ဘာ့ကွန်ဂရက် သုံးခု၏ ပါရီကြေညာစာတမ်း(ပြင်သစ်၊ ၂၀၁၈ ခုနှစ် မေလ)၊ ဂျနီဗာကြေညာစာတမ်း (ဆွစ်ဇာလန်၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ) နှင့် လီမာကြေညာစာတမ်း (ပီရူး၊ နိုဝင်ဘာလ ၂၀၀၉ ခုနှစ်) တို့တွင် ပါရှိသော ကတိကဝတ်များကို **ပြန်လည်သတိရခြင်း၊**

နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတော်အဆင့်များရှိ ကွဲပြားစုံလင်သော အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ရေးဆွဲထောက်ခံထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၆ နှင့် စပ်လျဉ်း၍ ငြိမ်းချမ်းရေး၊ တရားမျှတပြီး အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်းများအတွက် လမ်းကြောင်းရှာဖွေသူများ၏ ကမ္ဘာလုံးဆိုင်ရာ ကလေးသူငယ်များအတွက် တရားမျှတမှုတောင်းဆိုချက် (စက်တင်ဘာလ ၂၀၁၉ ခုနှစ်) တွင် သတ်မှတ်ထားသည့် အကြံပြုချက်များနှင့် လုပ်ဆောင်ချက်အချက်များကို **အားပေးထောက်ခံခြင်း၊**

ယခင်ကမ္ဘာ့ကွန်ဂရက် (ပြင်သစ်၊ မေလ ၂၀၁၈ ခုနှစ်) မှ ထုတ်ပြန်ချက်ပါ ကလေးများနှင့်လူငယ်များ၏ တောင်းဆိုမှုများကို ပြန်လည်အလေးပေးဆောင်ရွက်ရန်လိုအပ်ကြောင်း ၊လွတ်လပ်မှုဆုံးရှုံးနေသောကလေးသူငယ်များအတွက် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လေ့လာမှု(နိုဝင်ဘာလ ၂၀၁၉ခုနှစ်) တွင်ပါရှိသော လမ်းညွှန်မှု၏အရေးပါပုံ နှင့် ကုလသမဂ္ဂ၏မူဝါဒအကျဉ်းတွင်မီးမောင်းထိုးပြထားသော ကလေးသူငယ်များ၏ တရားမျှတမှုရှိရေးအပေါ် ကိုဗစ်-၁၉၏ သက်ရောက်မှုတို့ကို **အသိအမှတ်ပြုခြင်း။** ကလေးသူငယ်များအပေါ် ကိုဗစ်-၁၉၏ သက်ရောက်မှု (ဧပြီလ ၂၀၂၀ ခုနှစ်) နှင့်ကိုယ်စားလှယ်များဆိုင်ရာ နည်းပညာမှတ်စု - ကိုဗစ် - ၁၉နှင့် လွတ်လပ်ခွင့်ဆုံးရှုံးနေသောကလေးသူငယ်များ (ဧပြီလ ၂၀၂၀ ခုနှစ်)၊ UNICEF၏ ကိုဗစ် - ၁၉ ကာလအတွင်း ကလေးသူငယ်များအတွက် တရားမျှတမှုရရှိနိုင်ရေးတွင် ပါဝင်သော သင်ခန်းစာများ - နယ်ပယ်မှသင်ယူမှုများ (ဒီဇင်ဘာလ ၂၀၂၀ ခုနှစ်)၊ တစ်ဆယ့်လေးကြိမ်မြောက် ကုလသမဂ္ဂ ရာဇဝတ်မှု တားဆီးကာကွယ်ရေးနှင့် ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှု ကွန်ဂရက် အခမ်းအနားတွင် ရာဇဝတ်မှုကြိုတင်ကာကွယ်ရေး၊ ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးဆိုင်ရာ ကျိုတိုကြေညာစာတမ်းတွင် အစိုးရနှင့် နိုင်ငံ့ခေါင်းဆောင်များ၊ ဝန်ကြီးများ နှင့်ကိုယ်စားလှယ်များက ပြုလုပ်သည့် ကလေးများအတွက် ကတိကဝတ်များ (ဂျပန်၊ မတ်လ ၂၀၂၁ခုနှစ်)၊

အောက်ပါတို့ကို**မှတ်သား**ပါ -

1. ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRC) တွင် တရားမျှတမှု သို့မဟုတ် ကုစားခွင့်ဆိုင်ရာ စကားလုံးများကို အတိအကျဖော်ပြထားခြင်းမရှိသော်လည်း၊ အကျိုးအတွက်သာ ပြုလုပ်ခြင်းဆိုင်ရာမူအပါအဝင်၊ ကလေးသူငယ်များ၏ သတင်းရယူခွင့်၊ ၎င်းတို့၏ အမြင်များကို ဖော်ပြခွင့်နှင့် ကြားနာခံပိုင်ခွင့်၊ အကြမ်းဖက်မှုပုံစံအားလုံးမှ အကာအကွယ်ရယူခွင့်၊ ဥပဒေနှင့် ငြိစွန်းနေပြီး ထိတွေ့နေရသော ကလေးများအတွက် ပြဋ္ဌာန်းထားသော အခွင့်အရေးများ၊ အကာအကွယ်များနှင့် အာမခံချက်များ၊ အခြားအရာများထက် နစ်နာသူကလေးသူငယ်များ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးအတွက်နှင့် လွတ်လပ်မှု ဆုံးရှုံးခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် အစီအမံများ အပါအဝင် ၎င်း၏ပြဋ္ဌာန်းချက်များတစ်လျှောက်လုံးတွင် လုံးဝ ပါဝင်နေသည်၊

2. အခြားအရာများထက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ်သည် ကလေးများအားလုံးနှင့် တန်းတူရည်တူ သက်ဆိုင်ပြီး အခွင့်အရေး သို့မဟုတ် လွတ်လပ်မှုများချိုးဖောက်ခံရသည့် မည်သူမဆို ထိရောက်သောကုစားမှုကို ခံယူခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထိုအခွင့်အရေးကို အရည်အချင်းပြည့်မီသော တရားစီရင်ရေး၊ အုပ်ချုပ်ရေး သို့မဟုတ် ဥပဒေပြုရေးအာဏာပိုင်များ သို့မဟုတ် နိုင်ငံတော်၏ ဥပဒေစနစ်ဖြင့် ပေးအပ်ထားသည့် အခြားသော အရည်အချင်းပြည့်မီသော မည်သည့်အာဏာပိုင်ကမဆို သတ်မှတ်ပေးရမည်ဖြစ်သည်၊

3. ခွဲခြားဆက်ဆံမှုမရှိခြင်းမူသည် CRC ၏အခြေခံကျသော မဏ္ဍိုင်ဖြစ်ပြီး များပြားလှသော နိုင်ငံတကာ၊ ဒေသတွင်းနှင့် နိုင်ငံတွင်း ဥပဒေဆိုင်ရာ စာချုပ်စာတမ်းများအတွက် အခြေခံအုတ်မြစ်လည်းဖြစ်သည်၊

4. ကုလသမဂ္ဂအထွေထွေညီလာခံမှ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များအပါအဝင်အခြေခံအခွင့်အရေးအဖြစ် တရားမျှတမှုတန်းတူရရှိရေးကို အသိအမှတ်ပြုထားကြသည်။ထို့အပြင် ၎င်းက လူသားအားလုံးအတွက် တရားမျှတမှုတန်းတူရရှိရေးနှင့် ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုအဆုံးသတ်စေရေးတို့သည်

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀ မှ အထူးသဖြင့် ရည်မှန်းချက် ၁၆တွင် ပါရှိသည့် အဓိကအချက်နှစ်ချက်ဖြစ်ကြောင်းကိုလည်း သေချာစေသည်၊

5. ကလေးများသည် တရားမျှတမှုနယ်ပယ်အတွင်းမှာရော အပြင်မှာပါ ၎င်းတို့ကိုဦးတည်နေသည့် များပြားလှသော အကြမ်းဖက်မှုပုံစံများအပါအဝင် လူ့အဖွဲ့အစည်းအတွင်းကျရှုံးမှုများအတွက်ပါ တာဝန်ယူရန် တွန်းအားပေးခံနေရသည်။ ၎င်းတို့သည် အပယ်ခံကလေးများအပေါ် အချိုးအစားမညီမျှစွာ သက်ရောက်နေပြီး ကလေးသူငယ်များကို ကျူးလွန်ခံရသူ/ အသက်ရှင်ကျန်ရစ်သူ၊ စွပ်စွဲခံရသူ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရသူ၊ မျက်မြင်သက်သေ သို့မဟုတ် အားလုံးကိုပေါင်းစပ်ပြီးဖြစ်စေ၊ အခြားအခြေအနေတစ်ခုခုတွင်ဖြစ်စေ တရားဥပဒေနှင့် ထိတွေ့စေမည့် အခြေအနေများနှင့် အန္တရာယ်ဖြစ်စေမည့်အချက်များမှ ကာကွယ်ရန်နှင့် တုံ့ပြန်ရန် အားထုတ်မှုကို ဟန့်တားထားသည်၊

6. ကိုဗစ် - ၁၉ ကပ်ရောဂါသည် ရှိရင်းစွဲ လူမှုရေးမညီမျှမှုကို တိုးပွားစေပြီး နုနယ်နေသေးသော ကလေးသူငယ်တရားမျှတမှု၊အကာအကွယ်ပေးရေးစနစ်များနှင့် ဝန်ဆောင်မှုများကို ပိုမိုအားနည်းလာစေပြီး လုံးဝပျက်စီးသွားစေခဲ့ပြီး ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်း၊ ပထဝီဝင်နိုင်ငံရေးတင်းမာမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ စီးပွားရေးအကျပ်အတည်းများနှင့် အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ အပါအဝင် အခြားသော ခေတ်ပြိုင်နှင့် ဆက်လက်ဖြစ်ပွားနေသော အကျပ်အတည်းများစွာတို့သည် ၎င်းပြဿနာများကို ပိုမိုဆိုးရွားစေကာ ကလေးများအားလုံးအတွက် တရားမျှတမှုစဉ်ဆက်မပြတ်ရရှိနိုင်သည့် ခံနိုင်ရည်ရှိသော မူဘောင်များ၊ စနစ်များနှင့် ချဉ်းကပ်မှုများကို တည်ဆောက်ရန် တောင်းဆိုသည်၊

7. အချေအတင် ဆွေးနွေးမှုများ အောင်မြင်စွာ ရွေ့ပြောင်းလာပြီး တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများဖြစ်နေစဉ် နိုင်ငံလုံးဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုများ၌ လူမှုရေး၊ ကျား၊ မရေးရာ၊ လူမျိုးရေး၊ ရာသီဥတု နှင့် နိုင်ငံရေးဆိုင်ရာ တရားမျှတမှုတို့ကို ရှေ့တန်းမှ တောင်းဆိုနေသည့် လုပ်ပိုင်ခွင့်ရရှိပြီးသော ကလေးများနှင့် လူငယ်များကို တစ်လောကလုံး ပို၍မျက်မြင်တွေ့မြင်လာနေပြီဖြစ်သည်၊

8. ကလေးသူငယ်တရားစီရင်ရေးစနစ်နှင့် တရားမျှတမှုရရှိစေရေးတို့တွင် ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှု ကင်းမဲ့ခြင်းသည် ကလေးသူငယ်များသည် ၎င်းတို့မည်သူပင်ဖြစ်စေ၊ မည်သည့်အရပ်မှ လာသည်ဖြစ်စေ၊ မည်သည့်အခြေအနေတွင် ရောက်ရှိနေသည်ဖြစ်စေ နောက်ဆုံးတွင် ၎င်းတို့အားအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်၊

9. ဥပဒေနှင့် ထိတွေ့နေသော ကလေးသူငယ်များသည် တန်းတူညီမျှမှုနှင့် တန်းတူရှုည်တူလေးစားမှု လိုအပ်နေသော အခြားကလေးသူငယ်များကဲ့သို့ သူတို့၏အခွင့်အရေးနှင့်ချမ်းသာသုခကို ကာကွယ်ရန် ကလေးတစ်ဦးချင်းစီ ရင်ဆိုင်နေရသော အထူးသဖြင့် အားနည်းချက်များနှင့် လိုအပ်ချက်များ၊ ၎င်းတို့၏ တိုးတက်ပြောင်းလဲနေသော လုပ်နိုင်စွမ်းများကို အသိအမှတ်ပြုခြင်းသို့ ဦးတည်သည့်တုံ့ပြန်နိုင်စွမ်းနှင့်အတူ မွေးရာပါတူညီသောအခွင့်အရေးများရှိသည်၊

10. ထိုအရာသည် ဘက်စုံ ပေါင်းစပ်ညှိနှိုင်းရေးနှင့် မည်သည့်ပုံစံတွင်မဆို တရားဥပဒေနှင့် ထိတွေ့နေရသည့်ကလေးသူငယ်များ ပါဝင်နေသော အမှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းရန် အခြားအရာများထက် တရားမျှတမှု၊ ကလေးသူငယ်ကာကွယ်ရေးနှင့် စိတ်သက်သာရာရမှု၊ လူမှုရေးဆိုင်ရာ အကာအကွယ်၊ ပညာရေး၊ ကျန်းမာရေး အစရှိသောနယ်ပယ်များကို စီမံအုပ်ချုပ်နေသောစနစ်များအတွက် အရေးတကြီးလိုအပ်နေသည်၊

ကမ္ဘာ့ကွန်ဂရက်၏ ကလေးနှင့် လူငယ်ဆိုင်ရာ အကြံပေးအဖွဲ့မှ စုစည်းထားသော အောက်ပါကလေးနှင့် လူငယ်တို့၏ အသံများကို **လေးစားရန်** -

11. ကျွန်ုပ်တို့သည် အထူးသဖြင့် တရားစီရင်ရေးစနစ်နှင့် ငြိစွန်းနေသော ကလေးသူငယ်များအခွင့်အရေးများအကြောင်း စိတ်အားထက်သန်နေသော ကလေးများနှင့်လူငယ်များဖြစ်သည်။ အဘယ့်အကြောင့်ဆိုသော် ကျွန်ုပ်တို့ထဲမှ အများစုသည် ထိုစနစ်များကို

ကျွန်ုပ်တို့ကိုယ်တိုင်တိုက်ရိုက်ရင်ဆိုင်ခဲ့ဖူးသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏အတွေ့အကြုံများအရ ကျွန်ုပ်တို့ခံစားနေရသည်များမှာ -

a. မျိုးဆက်အလိုက် ခွဲခြားဆက်ဆံခံရမှုနှင့် အကျိုးအမြတ်ခံစားခွင့်မညီမျှမှုတို့သည် ကလေးသူငယ်များ တရားဥပဒေနှင့် ထိတွေ့လာရခြင်း၏ ပြဿနာအရင်းအမြစ်များ ဖြစ်ကြသည်။

b. တရားဥပဒေနှင့် ထိတွေ့နေရသော ကလေးသူငယ်များသည် ကလေးများ၏ စိတ်ကျန်းမာမှုကို ပြင်းထန်စွာသက်ရောက်စေနိုင်သည့် အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစုတွင်း ညှင်းပန်းနှိပ်စက်ခံရမှုနှင့် ပညာရေးမှ ဖယ်ထုတ်ခံရခြင်းအပါအဝင် ဒုက္ခပုံစံမျိုးစုံနှင့် ရင်ဆိုင်ရသည်၊

c. တရားစီရင်ရေးစနစ်များသည် ကလေးသူငယ်များ၏အခွင့်အရေးများကို ဦးစားမပေးသည့်အပြင် ကလေးသူငယ်အများအပြားသည် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် တရားစီရင်ရေးစနစ်ကြောင့် ထိခိုက်ခံရ၊လျစ်လျူရှုခံရ၊ စိတ်ဒဏ်ရာရသော ခံစားချက်တို့သာ ကျန်ရှိခဲ့သည်၊

d. ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များသည် ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေးကို ပြန်လည်အကောင်အထည်ဖော်ရမည့်အစား ပြစ်ဒဏ်နှင့် အပြစ်တင်ခြင်းအပေါ်သာ အာရုံစိုက်လွန်းသည်၊

12. ကလေးများသည် ယနေ့တွင်နိုင်ငံသားများဖြစ်ပြီး မနက်ဖြန်တွင် ခေါင်းဆောင်များဖြစ်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ထားကြပြီး အရွယ်ရောက်ပြီးသူများကလည်း ၎င်းအားအသိအမှတ်ပြုရန် တောင်းဆိုပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကလေးများကို ၎င်းတို့၏ အခွင့်အရေးများကို သိရှိနားလည်နိုင်ရန် ခွန်အားပေးရာရောက်သည်၊

13. တရားမျှတမှုစနစ်များနှင့် ငြိစွန်းသောကလေးသူငယ်များအတွက် စစ်မှန်သော အပြောင်းအလဲကိုဖန်တီးနိုင်ရန်နှင့် နိုင်ငံတကာဥပဒေများတွင်ပါသော ကလေးသူငယ်များ၏ အခွင့်အရေးများကို ကမ္ဘာတစ်ဝှမ်းရှိ ကလေးတိုင်းအတွက် ဖြည့်ဆည်းနိုင်ကြောင်း သေချာစေရန် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ကလေးများ၊ လူငယ်များနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်၊

14. ကျွန်ုပ်တို့သည် အထူးသဖြင့် အောက်ပါအရာများကို တောင်းဆိုပါသည် -

a. ကလေးများအားလုံးကို အားလုံးပါဝင်နိုင်ပြီး မည်သည့်အကြောင်းကြောင့်မှ ခွဲခြားဆက်ဆံမှုမရှိသော တရားမျှတမှုရရှိရေးကို တန်းတူညီမျှပေးထားသည်၊

b. ကလေးများကို သူတို့၏ထင်မြင်ယူဆချက်များအား မျှဝေနိုင်ရန်နှင့် ၎င်းတို့၏အမြင်များကို အလေးအနက်ထားရန် လွတ်လပ်မှုပေးထားသည်၊

c. ကလေးများကို သူတို့ကိုယ်ပိုင်ဘဝများအတွက် ဆုံးဖြတ်ချက်ချရန် သူတို့၏စွမ်းရည်များကို အသိအမှတ်ပြုပြီး အရွယ်ရောက်ပြီးသူများထံမှ လုံလောက်သော ပံ့ပိုးကူညီမှုကို လက်ခံရယူသည်၊

d. ကလေးများသည် လက်ရှိကူးစက်ရောဂါနှင့်ဆင်တူသော မသေချာမရေရာမှုများနှင့် အကျပ်အတည်းအခိုက်အတန့်များကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်မှုအပေါ် သတင်းအချက်အလက်နှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးထားပါသည်၊

e. ဥပဒေနှင့် ထိတွေ့နေရသော ကလေးများသည် ၎င်းတို့၏အခွင့်အရေးများကို လေးစားလိုက်နာပြီး ၎င်းတို့၏ စိတ်ကျန်းမာရေးနှင့် သုခချမ်းသာအတွက် လုံးလုံးလျားလျား ချဉ်းကပ်မှုကို လက်ခံကျင့်သုံးသည့် လူသားဆန်သောနည်းလမ်းဖြင့် ဆက်ဆံခံရသည်၊

f. ကလေးဘဝမှ လွှန်မြောက်လာသည့် ဥပဒေနှင့် ထိတွေ့နေရသော လူငယ်များအား ကလေးသူငယ်များနည်းတူ တူညီသောပြဋ္ဌာန်းချက်များ ပေးထားသည်၊

g. ကလေးသူငယ်များနှင့် လူငယ်လူရွယ်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို လေ့လာနိုင်ရန်နှင့် ပါဝင်နိုင်ရန် အခွင့်အရေးများ ပေးထားသည်၊

h. ကလေးသူငယ်များနှင့် လူငယ်လူရွယ်များကို တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှု ပြန်လည်ရှင်သန်စေရန် သော့ချက်ဖြစ်သော ၎င်းတို့၏ အခွင့်အရေးများကို ရယူနိုင်ရန် ထောက်ပံ့ထားသည်၊

15. ကလေးသူငယ်များအားလုံး တန်းတူညီမျှစွာဆက်ဆံခံရပြီး လူ့အခွင့်အရေး ကတိကဝတ်များကို ဖြည့်ဆည်းရန် လူကြီးများနှင့် ပူးပေါင်းလုပ်ဆောင်ရန် အခွင့်အလမ်းများ ပံ့ပိုးပေးသည့်အခါ ကလေးများအတွက် စစ်မှန်သော တရားမျှတမှု ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်၊

**ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာ့ကွန်ရက်၏ စီစဉ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပါဝင်သူများအနေဖြင့် ပြည်နယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာ အစုအဖွဲ့အားလုံးကို စုပေါင်းတောင်းဆို**ပါသည် -

## ယနေ့နှင့်မနက်ဖြန်အတွက် ကလေးများနှင့်တရားမျှတမှုကို စစ်မှန်စွာ နားလည်သဘောပေါက်ခြင်း

16. ကလေးသူငယ်တရားမျှတမှုနှင့် တရားမျှတမှုရရှိရေး၏ စံသတ်မှတ်ချက်ဘောင်၊ ဥပဒေနှင့် စည်းမျဉ်းမူဘောင်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း၊ စနစ်များ လည်ပတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ခြင်း၊ သက်ဆိုင်ရာလုပ်ဆောင်သူများ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ တာဝန်ထမ်းဆောင်သူများ၊ အသိုင်းအဝိုင်းများနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းများ၏ တွန်းအားပေး တာဝန်ခံမှု အပါအဝင် အပြုသဘောဆောင်သော ပြောင်းလဲမှုကိုလုပ်ဆောင်ရာတွင် ကျွမ်းကျင်သူများနှင့် အဓိကလုပ်ဆောင်သူများအဖြစ် ကလေးများနှင့် ပူးပေါင်းလုပ်ဆောင်သည့်ပုံစံတွင် ကမ္ဘာတစ်ဝှမ်းရှိ ကလေးများအားလုံးအတွက် တန်းတူညီမျှ၊ ခွဲခြားမှုမရှိဘဲနှင့် အားလုံးပါဝင်နိုင်သော တရားမျှတမှုရရှိရန် ကလေးများ၊ အရွယ်ရောက်ပြီးသူများနှင့်အတူ လက်တွဲလုပ်ဆောင်ပါ။

17. ကလေးများအတွက် နားလည်ရလွယ်ပြီး ကျားမရေးရာနားလည်သိရှိကာ မသန်စွမ်းသူများပါဝင်နိုင်သော လမ်းညွှန်ချက်၊ ဥပဒေနှင့်ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းများဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးခြင်း၊ ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူများအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လူထု၏နားလည်မှုကို မြှင့်တင်ပေးခြင်း၊ ကလေးများအတွက် အထိရောက်ဆုံးရောက်ရှိနိုင်မည့်အပြုအမူဖြင့် ကလေးများကို ဦးတည်သည့် ဆက်သွယ်ရေးနည်းလမ်းကိုရှာဖွေခြင်း၊ ဥပဒေနှင့် ထိတွေ့နေရသော ကလေးများအားလုံး အပါအဝင် နောက်ခံအခြေအနေများနှင့် အခြေအနေအရပ်ရပ်ရှိ ကလေးများအားလုံးပါဝင်နိုင်ပြီး လက်လှမ်းမီသော ချဉ်းကပ်မှုများကို သေချာစေခြင်းဖြင့် အပြောင်းအလဲ၏ ကိုယ်စားလှယ်များအဖြစ် လုပ်ဆောင်ရန် အခွင့်အရေးများကို လက်ကိုင်ထားသူများအဖြစ် ကလေးသူငယ်များအတွက် ရရှိနိုင်သော ပတ်ဝန်းကျင်ကိုမြှင့်တင်ပေးပြီး ယနေ့နှင့် အနာဂတ်၏ အသံများကို ချဲ့ထွင်ပါ။

18. ကလေးများကို စားပွဲဝိုင်းများတွင်ထိုင်စေပြီး ကလေးသူငယ်ပါဝင်မှုကိုတွန်းအားသာပေးခြင်းထက် အထူးသဖြင့် ခွဲခြားဆက်ဆံခြင်း၊ ပစ်ပယ်ခံရခြင်း၊ အားနည်းချက် သို့မဟုတ် မရေရာသောအခြေအနေတစ်ရပ်ရပ်ကြောင့် ဆွေးနွေးမှုများမှ ဖယ်ထုတ်ခံထားရသော ဥပဒေနှင့် ထိတွေ့နေသော ကလေးသူငယ်အဖွဲ့များအတွက် ကလေးသူငယ်များနှင့် ညှိနှိုင်းခြင်းဆိုင်ရာ အကြောင်းအရာများကိုသာ ထိတွေ့ဆက်ဆံမည့် စားပွဲဝိုင်းများတွင် ကလေးများကို ထိုင်စေကြောင်းသေချာစေရန် ကလေးသူငယ်များ ပါဝင်ဆောင်ရွက်ခွင့်ကို ဥပဒေတွင်ရေးဆွဲပြဋ္ဌာန်းပြီး ၎င်းဥပဒေအား အာဏာသက်ရောက်စေပါ၊

## ခွဲခြားဆက်ဆံမှုကင်းမဲ့ပြီး ကလေးများအတွက် အားလုံးပါဝင်နိုင်သော တရားမျှတမှုရရှိရေး

19. ကလေးတရားမျှတမှုဆိုင်ရာ ဆွေးနွေးမှုများနှင့် ပြုပြင်ပြောင်းလဲမှုများတွင် ပျံ့နှံ့နေသော မညီမျှမှုနှင့် ခွဲခြားဆက်ဆံခြင်းဆိုင်ရာ သဘောတရားများကို ဗဟိုပြုပြီး အပျက်သဘောဆောင်သော ညွှန်းဆိုခြင်းနှင့် အမည်းစက်ဖြစ်စေနိုင်သော အကျိုးသက်ရောက်မှုများကို ရှောင်ရှားသည့်နည်းလမ်းဖြင့် ဥပဒေနှင့် ထိတွေ့နေရသောကလေးတိုင်းအပေါ် မည်သည့်အတွက်ကြောင့်မဆို ခွဲခြားဆက်ဆံခြင်းများကို ဖယ်ရှားရန် လက်တွေ့ကျသော ဖြေရှင်းနည်းများကို တည်ဆောက်ပါ၊

20. ရာဇဝတ်မှု၊ တရားမမှု၊ အုပ်ချုပ်ရေး၊ ရိုးရာ/ဓလေ့ထုံးတမ်း၊ အသွင်ကူးပြောင်းရေးနှင့် လူမှုရေးတရားမျှတမှုကို လုံးဝလက်ခံသည့်ပုံစံဖြင့် အထူးသဖြင့် အပယ်ခံအုပ်စုများမှ ကလေးသူငယ်များအားလုံး တန်းတူညီမျှမှုနှင့် တရားမျှတမှုတန်းတူရရှိရေးကို သေချာစေပါ၊

21. အသက်အရွယ်အလိုက်သင့်လျော်သော၊ မသန်စွမ်းမှုပါဝင်သော၊ ကျားမတုံ့ပြန်မှု၊ တရားဥပဒေနှင့် ထိတွေ့နေသော ကလေးသူငယ်များအားလုံးအတွက် အာရုံကြောဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် အပြုအမူဆိုင်ရာ သိပ္ပံအပေါ် အခြေခံ၍လိုအပ်ချက်များနှင့် အခွင့်အရေးများကိုအခြေခံသော တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများနှင့် ဝန်ဆောင်မှုများကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ပြီး အသုံးချပါ၊

22. ဥပဒေနှင့် ထိတွေ့နေသော ကလေးတစ်ဦးချင်းစီ၏ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားမှုကို လေးစားလိုက်နာပြီး ကိုင်တွယ်ဖြေရှင်းသည့် အစီအမံများကို ထည့်သွင်းပါ၊

23. ရပ်ရွာလူထုကိုယ်တိုင် တီထွင်ဖန်တီးပြီး ခွဲခြားဆက်ဆံမှုကင်းကင်းနှင့် ပါဝင်နိုင်သည့်ပုံစံဖြင့် ကလေးများအတွက် လူတိုင်းလက်လှမ်းမီနိုင်သော ရပ်ရွာလူထုအခြေပြု ဝန်ဆောင်မှုများနှင့် ချုပ်နှောင်ထားခြင်း မရှိသော အစီအမံများကို ဖန်တီးပါ၊

24. ဌာနေတိုင်းရင်းသား၊ လူနည်းစုနှင့် အပယ်ခံကလေးများသည် ဥပဒေနှင့်ထိတွေ့ပုံ၊ ၎င်းတို့၏တရားမျှတခြင်းရရှိမှုအပေါ်တားဆီးခံရပုံ၊ တရားမျှတမှုစနစ်ဖြင့် အပျက်သဘောဆောင်သော ကွဲပြားခြားနားသည့် ကုစားမှု၏ ပြဿနာအရင်းအမြစ်များသည် ထိုကလေးငယ်များဆီကို ဦးတည်နေပုံတို့ကို နားလည်ရန်၊ စနစ်တွင် ၎င်းတို့၏ကိုယ်စားပြုမှုလွန်ကဲခြင်းကို ကာကွယ်ရန်နှင့် စနစ်တကျ အသိပေးခြင်း၊ ထိရောက်ပြီး ရေရှည်တည်တံ့သော ကြားဝင်ဆောင်ရွက်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့်နှင့်ဒေသအဆင့်များတွင် သတင်းအချက်အလက်စုဆောင်းခြင်းနှင့် အကဲဖြတ်ခြင်းများ အားကောင်းလာအောင် ဆက်လက်လုပ်ဆောင်ပါ၊

25. သင့်လျော်သော၊ လုံလောက်သော၊ အချိန်နှင့်အရင်းအမြစ်များကိုမျှတစွာမြှုပ်နှံမှု၊ ကလေးများနှင့်ထိတွေ့ဆက်ဆံရသောအခါ သက်ဆိုင်ရာအစုအဖွဲ့များအားလုံး၏ သင့်လျော်သော စွမ်းရည်တည်ဆောက်မှုနှင့်အတူ ခွဲခြားဆက်ဆံမှုမရှိသော အားလုံးပါဝင်နိုင်သော ကလေးသူငယ်တရားစီရင်ရေးစနစ်များနှင့် ကလေးသူငယ်များအတွက် တရားမျှတမှုတန်းတူရရှိရေးသို့ ဦးတည်သည့် အဆင့်မြင့်နိုင်ငံရေးကတိကဝတ်များ ရရှိစေပါ၊

## အကျပ်အတည်းများ၊ ကပ်ရောဂါများနှင့်ရင်ဆိုင်နေရသော ကလေးသူငယ်များအတွက် တရားမျှတမှုအား ခံနိုင်ရည်ရှိသောလက်လှမ်းမီမှု

26. အရေးပေါ်အခြေအနေနှင့် အရေးပေါ်မဟုတ်သော အခြေအနေများအတွင်း ကလေးများအားလုံးအတွက် ရေရှည်တည်တံ့သော တရားမျှတမှုရရှိရန် ကလေးများအတွက် ဆန်းသစ်ပြီး ခံနိုင်ရည်ရှိသော တရားစီရင်ရေး လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် ဥပဒေနှင့် မူဝါဒတစ်ခုကို မူကြမ်းရေးဆွဲပါ၊

27. လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များ၏အာမခံချက်များ၊ လူကိုယ်တိုင် ကြားနာခြင်းနှင့် လုပ်ထုံးလုပ်နည်းများကို ဖြည့်စွက်ခြင်း၊ စမ်းသပ်ပြီး ထိရောက်သော အလေ့အကျင့်များကို အခြေခံ၍တိုးတက်ပြောင်းလဲမှုများ၊ ဒစ်ဂျစ်တယ်နှင့် ပထဝီပိုင်းခြားမှုကို ထည့်သွင်းစဉ်းစားခြင်း၊

အသုံးပြုရန်လွယ်ကူမှုနှင့် ပါဝင်နိုင်မှု၊ လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်၊ လျှို့ဝှက်ထိန်းသိမ်းနိုင်မှု၊ ကလေး၏ခွင့်ပြုချက်နှင့်နှစ်သိမ့်မှုအဆင့်တို့ပါဝင်သော ဗဟုကျူရယ်တရားရုံးများ၊ ကြားနာမှုများ၊ အင်တာဗျူးများ၊ အမှုတွဲနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု၊ နှင့် အခြားလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရန် ထည့်သွင်းစဉ်းစားပါ၊

28. အရေးပေါ်/အကျပ်အတည်းစီစဉ်ခြင်းနှင့် တုံ့ပြန်မှုတွင် အပြန်အလှန်အကျိုးပြုမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုအတွက် ရှင်းလင်းသော သဘောတူညီချက်များ ထည့်သွင်းအကောင်အထည်ဖော်ပါ။ ကလေးသူငယ်ကာကွယ်ရေးနှင့် တရားမျှတမှုစနစ်များတွင် အဓိကကိုယ်ထည်သည် ကပ်ရောဂါ သို့မဟုတ် အရေးပေါ်အခြေအနေကာလအတွင်း ဦးစားပေးခွင့်ပြုထားသော မရှိမဖြစ်အရေးပါသည့် ဝန်ဆောင်မှုများအဖြစ် သတ်မှတ်ထားကြောင်း သေချာစေပါ၊

29. အကျပ်အတည်းကာလများအတွင်း မငြိမ်မသက်ဖြစ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် တီထွင်ဖန်တီးထားသော အစီအမံများနှင့်နည်းလမ်းများကို လျင်မြန်ထိရောက်စွာ ချမှတ်အသုံးချနိုင်ရန် တရားမျှတမှုအရေး ဆောင်ရွက်သူများကို ပြင်ဆင်ထားရန်အတွက် လက်ရှိအခြေခံပေါ်တွင် ၎င်းတို့၏စွမ်းဆောင်ရည်ကိုတည်ဆောက်ပါ၊

30. ကလေးသူငယ်များ၏ ရပိုင်ခွင့်နှင့် တရားမျှတမှုရရှိရန် အခွင့်အလမ်းများနှင့် ဆက်စပ်၍ အကျပ်အတည်းများနှင့် ကူးစက်ရောဂါများ၏ အကျိုးသက်ရောက်မှုနှင့် မသေချာမရေရာမှုများကို ရင်ဆိုင်ဖြေရှင်းရန် နည်းလမ်းများအကြောင်း ကလေးများအတွက် လွယ်ကူအဆင်ပြေသော၊ကျားမရေးရာနားလည်သိရှိသော၊မသန်စွမ်းသူများပါဝင်နိုင်သော သတင်းအချက်အလက်ဆိုင်ရာပစ္စည်းများကို တိုးတက်အောင်လုပ်ပါ၊

## တရားဥပဒေနှင့်ထိတွေ့နေရသော ကလေးသူငယ်များအားလုံးအတွက် ကလေးသူငယ်များအတွက် နားလည်ရလွယ်သော တရားမျှတမှုရရှိရေး

31. တရားစီရင်ရေးစနစ်တွင် ကလေးသူငယ်များ ၏ မလိုအပ်သော ထိတွေ့ဆက်ဆံမှုကို လျော့နည်းစေသည့် နည်းလမ်းဖြင့် ကဏ္ဍများနှင့် ဆောင်ရွက်သူများအကြားတွင် ချောမွေ့စွာ ညှိနှိုင်းဆောင်ရွက်မှုအပေါ် အခြေခံသော ကလေးများအတွက် တရားမျှတမှုရရှိရေးတွင် ဘက်ပေါင်းစုံမှ ချဉ်းကပ်မှုများကို လိုက်နာပါ၊

32. ကလေးသူငယ်တစ်ဦးချင်းစီ၏ လိုအပ်ချက်များ၊ အထောက်အထား၊ နောက်ခံအကြောင်းအရာ၊ အခြေအနေများနှင့် ရင့်ကျက်မှုအဆင့်များ အရ တုံ့ပြန်သည့်နည်းလမ်းဖြင့် ကလေးများအတွက် လွယ်ကူအဆင်ပြေသော၊ ကျားမရေးရာနားလည်သိရှိသော၊ မသန်စွမ်းသူများပါဝင်နိုင်သော၊ စိတ်ဒဏ်ရာအသိပေးသော၊ တရားမျှတမှု၊ လူမှုရေးဝန်ဆောင်မှုများနှင့် သင့်လျော်သောအကြောင်းအရာ၊ မည်သည့်ပုံစံတွင်မဆို တရားဥပဒေနှင့် ထိတွေ့နေရသော ကလေးသူငယ်အားလုံးအတွက် အခြားသော သင့်လျော်သည့် ဥပဒေနှင့် ဥပဒေမဟုတ်သော အကူအညီထောက်ပံ့ပေးပါ၊

33. ဥပဒေနှင့်ထိတွေ့နေရသော ကလေးများနှင့် ၎င်းတို့၏မိသားစုများအား ၎င်းတို့၏ သီးခြားအခြေအနေများနှင့် ရင်ဆိုင်နေရချိန်တွင် ရင်ဆိုင်ဖြေရှင်းနိုင်ရန်၊ လိုက်လျောညီထွေဖြစ်ရန်နှင့် ပြောင်းလဲနိုင်ရန် လက်လှမ်းမီနိုင်သော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးကြောင်း သေချာစေပါ၊

34. ကလေးသူငယ်များအား ဥပဒေနှင့် ထိတွေ့စေမည့် လမ်းကြောင်းများကို နှောက်ယှက်ရန်၊ ပြစ်မှုကျူးလွန်သည့် သို့မဟုတ် ထပ်မံကျူးလွန်မည့် အပြုအမူကို ဦးတည်စေသည့် အန္တရာယ်များကို ကာကွယ်ရန်နှင့်လျှော့ချနိုင်ရန်၊ အကြမ်းဖက်မှုနှင့် မတန်တဆ အားနည်းချက်များ ကင်းစင်သော သာမန်ကလေးဘဝတွင် ကလေးငယ်များ နေထိုင်နိုင်စေရန် ဆောလျင်စွာ ဝင်ရောက်စွက်ဖက်မှု၊ ဘက်စုံပြည့်စုံသော မိသားစုပံ့ပိုးမှုနှင့် အားကောင်းလာစေရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များနှင့် ဝန်ဆောင်မှုများ အားဖြည့်ပေးခြင်းမှတဆင့် အသိုင်းအဝိုင်းထူထောင်ပေးခြင်းတို့အတွက် ထိရောက်သော နည်းလမ်းများကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်ပါ၊

35. သီးခြားခွဲထုတ်ပြီး ယေဘုယျအားဖြင့် စွက်ဖက်မှုများအစား ကျယ်ကျယ်ပြန့်ပြန့်နှင့် ညှိနှိုင်းပြီး အံဝင်ခွင်ကျဖြစ်သော ဖြစ်ရပ်စီမံခန့်ခွဲမှု ချဉ်းကပ်မှုများမှတဆင့် တရားဥပဒေနှင့်ထိတွေ့နေရသော ကလေးသူငယ်များအားလုံးအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု၊ လွှဲပြောင်းမှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးကို ဦးစားပေးဆောင်ရွက်ပါ၊

36. မူးယစ်ဆေးဝါးနှင့်ဆိုင်သော ပြစ်မှုများနှင့် ကျူးလွန်သူ၏အဆင့်အတန်းအရ ပြစ်မှုမြောက်သော ပြစ်မှုများကို ဖယ်ရှားခြင်းအတွက် ဘက်ပေါင်းစုံအလှည့်ကျတုံ့ပြန်မှုများအပါအဝင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့တွင် ပါဝင်သောစနစ်များဖြင့် ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသင့်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်သော ကလေးအမှုအကျင့်များကို ခွဲခြားသတ်မှတ်ပါ၊

37. ကလေးသူငယ်ဖွံ့ဖြိုးမှု၊ ကလေးနှင့်အဆင်ပြေနိုင်သော အင်တာဗျူးခြင်းနှင့် အမေးအဖြေလုပ်ခြင်းများ၊ ပြန်လည်စိတ်ဒဏ်ရာရခြင်းကို ကာကွယ်ရန် သင့်လျော်သော ပရိုတိုကောများနှင့် သွယ်ဝိုက်သော ဘက်လိုက်မှုများကို သတိရှိစွာ လျှော့ချရန်နည်းလမ်းများ အပါအဝင် ကလေးသူငယ်တရားမျှတမှု၊ ကလေးသူငယ်ကာကွယ်ရေးဆောင်ရွက်သူများနှင့် သက်ဆိုင်ရာအစုအဖွဲ့များ အထူးသဖြင့် ရှေ့နေများ၊ ရဲအရာရှိများ၊ အစိုးရရှေ့နေများ၊ တရားရေးအရာရှိများ၊ ပြုပြင်ရေးအရာရှိများနှင့် လူမှုဝန်ဆောင်မှုလုပ်သားများ၏ ကျွမ်းကျင်ပြီး အရည်အချင်းပြည့်မီသော ၂၁ ရာစု လုပ်သားအင်အားစုကိုတည်ဆောက်ရန် အထူးသင်တန်းပေးခြင်း၊ ပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲခြင်းနှင့် ဝန်ဆောင်မှုပေးအပ်ခြင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို ထည့်သွင်းပါ။

## ထောက်ခံသူများ

JUSTICE WITH CHILDREN

Terre des hommes — Helping children worldwide.

PENAL REFORM INTERNATIONAL

AIMJF

INSTITUT INTERNATIONAL DES DROITS DE L'ENFANT

Suprema Corte de Justicia de la Nación

unicef for every child

OFFICE OF THE SPECIAL REPRESENTATIVE OF THE SECRETARY-GENERAL ON VIOLENCE AGAINST CHILDREN

UNODC United Nations Office on Drugs and Crime

UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER

PATHFINDERS FOR PEACEFUL, JUST AND INCLUSIVE SOCIETIES

Baker McKenzie.

**ကလေးသူငယ်များနှင့်တရားမျှတမှုအပေါ် ကမ္ဘာလုံးဆိုင်ရာအစပျိုးမှု**သည် နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းစုတစ်ခုမှ တီထွင်ထားသော ပူးပေါင်းအစီအစဉ်တစ်ခုဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ကွန်ဂရက်များကို ကလေးသူငယ်များနှင့်တရားမျှတမှု ကမ္ဘာ့မှတ်တိုင်အဖြစ် စုစည်းကာ ကလေးသူငယ်များနှင့်တရားမျှတမှု (Justice With Children) အွန်လိုင်းပလပ်ဖောင်းမှတစ်ဆင့် လက်တွေ့ကျင့်သုံးသူများ၏ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းကို စည်းရုံးလှုံ့ဆော်ပေးပါသည်။ ၎င်းသည် ကလေးသူငယ်တရားမျှတမှုနယ်ပယ်တွင် ပြန်ပြောင်းဆင်ခြင်သုံးသပ်မှု၊ နီးနှောဖလှယ်မှုနှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုအတွက် အွန်လိုင်း သို့မဟုတ် ဆိုဒ်တစ်ခုခုပေါ်မှတဆင့် ကျွမ်းကျင်သူများအကြား ဝေဖန်ဆွေးနွေးမှုများနှင့် လုပ်ဆောင်ချက် ဦးတည်သည့် ပြဿနာဖြေရှင်းခြင်းကို လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။

ကလေးသူငယ်များအတွက် တရားမျှတမှုဆိုင်ရာ၏**ကမ္ဘာလုံးဆိုင်ရာကွန်ဂရက်**သည် တရားဥပဒေနှင့် ထိတွေ့နေသောနှင့်/သို့မဟုတ် ငြိစွန်းနေသော ကလေးသူငယ်များနှင့် ပတ်သက်နေသည့် လတ်တလောပြဿနာများကိုဖြေရှင်းရန် ရေးဆွဲထားပါသည်။ ထို့အပြင် ၎င်းသည် ကလေးများနှင့်လူငယ်များ၊ မူဝါဒ ရေးဆွဲသူများ၊ တရားမျှတမှုစနစ် အဖွဲ့အစည်းဝင်များ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်း၊ ကုလသမဂ္ဂကိုယ်စားလှယ်များ၊ အခြားကျွမ်းကျင်သူများနှင့် လက်တွေ့လုပ်ဆောင်နေသူများအတွက် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ရန် သီးသန့်နှင့် ထိရောက်သောနေရာတစ်ခုကို ထောက်ပံ့ပေးထားပါသည် - (၁) ကမ္ဘာတစ်ဝှမ်းရှိကလေးများအတွက် တရားမျှတပြီးသင့်လျော်သော တရားမျှတမှုစနစ်များကို မြှင့်တင်ပေးခြင်း၊ (၂) အကောင်းဆုံးအလေ့အကျင့်များ ဖလှယ်ရန်၊ သိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ မူဝါဒအကြံပြုချက်များကို ရေးဆွဲရန်နှင့် ကလေးများအတွက် တရားမျှတမှုကို အသိပညာပေးရန်အတွက် ကျွမ်းကျင်ပညာရှင်များကို နေရာပေးခြင်းနှင့် (၃) တရားဥပဒေနှင့် ထိတွေ့နေရသော ကလေးများနှင့် လူငယ်များ၏ အခွင့်အရေးများနှင့် ဆက်စပ်နေသော နိုင်ငံတကာ စာချုပ်စာတမ်းများနှင့် စံချိန်စံညွှန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီခြင်း။

ကလေးသူငယ်များအတွက် တရားမျှတမှုဆိုင်ရာ ၏ **၂၀၂၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာကွန်ဂရက်**သည် တရားမျှတမှုစနစ်များ၏ အရည်အသွေးနှင့် လက်လှမ်းမီမှုအပေါ် ခွဲခြားဆက်ဆံမှုကိုလျှော့ချရန်နှင့် တရားဥပဒေ၏အမြင်တွင် ကလေးများအားလုံးကို တန်းတူညီမျှဆက်ဆံကြောင်း အာမခံသည်ကို သေချာစေရန် အလေ့အကျင့်ကို ဦးတည်သည့် ဗျူဟာများ ပြောင်းလဲခြင်းအပေါ် အာရုံစိုက်ခဲ့သည်။ ပါဝင်သူများသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာမျက်နှာစုံညီ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အသိအမှတ်ပြု သင်တန်းများနှင့် မူဝါဒဦးတည်သည့် အလုပ်အဖွဲ့အစည်းအဝေးများပါဝင်သော လုပ်ဆောင်ချက်ကို ဦးတည်သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာကွန်ဂရက်အတွင်း "ကလေးများအားလုံး တရားမျှတမှုရရှိစေရေး - ခွဲခြားဆက်ဆံမှုကင်းမဲ့ပြီး အားလုံးပါဝင်နိုင်သော ကလေးသူငယ်တရားမျှတရေး အစီအစဉ်များဆီသို့" ဟူသောအကြောင်းအရာအတွင်းတွင် ခေါင်းစဉ်ခွဲ ၁၁ ခုကို ဦးစားပေးဆောင်ရွက်ခဲ့သည် -

- စနစ်တကျ လူမျိုးရေးခွဲခြားမှုနှင့် ဌာနေများ၊ တိုင်းရင်းသားများနှင့် အခြားလူနည်းစုအုပ်စုများမှ ကလေးများကို အချိုးအစားမညီမျှစွာ ရာဇဝတ်မှုကျူးလွန်ခြင်း၊
- ကျားမ၊ လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား၊မ လက္ခဏာကြောင့် ခွဲခြားဆက်ဆံခံရမှု - ကျားမရေးရာ တရားမျှတမှုဆိုင်ရာ ချဉ်းကပ်မှုကို အားပေးမြှင့်တင်ခြင်း၊
- ဒုက္ခသည်များ၊ အဖော်မရှိသော နိုင်ငံခြားသား ကလေးများနှင့် နိုင်ငံခြားသား မိဘများ၏ သားသမီးများအပါအဝင် ရွှေ့ပြောင်းနေထိုင်မှုဒဏ်ခံရသော ကလေးများနှင့် လူငယ်များကြုံတွေ့ရသည့် ခွဲခြားဆက်ဆံခြင်း၊
- မသန်စွမ်းမှု သို့မဟုတ် ကျန်းမာရေးအခြေအနေများကြောင့် ခွဲခြားဆက်ဆံခြင်း၊
- မူးယစ်ဆေးသုံးစွဲမှုနှင့် အလွဲသုံးမှုကြောင့် ခွဲခြားဆက်ဆံခြင်း၊
- ကလေးများ၏ အွန်လိုင်းအပြုအမူကြောင့် ရာဇဝတ်သားပမာ ဆက်ဆံခြင်း၊
- အသက်အရွယ်ကန့်သတ်ချက်များနှင့် ကျူးလွန်သူ၏အဆင့်အတန်းအရ ပြစ်မှုမြောက်သော ပြစ်မှုများ၊
- ကလေးသူငယ် တရားမျှတရေးစနစ်များတွင် ကလေး၏အသံကိုနားထောင်ကြောင်း သေချာစေခြင်း၊
- ဥပဒေစနစ်များစွာရှိသည့် အခြေအနေများတွင် ကလေးသူငယ်များ၏ အခွင့်အရေးများကို ဖြည့်ဆည်းပေးခြင်း၊
- အကျပ်အတည်းများနှင့် ကပ်ဘေးကာလများအတွင်း ခံနိုင်ရည်ရှိသော ကလေးတရားစီရင်ရေးစနစ်များ တည်ဆောက်ခြင်းနှင့်
- ကလေးတရားစီရင်ရေးစနစ်များအတွင်း အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် နစ်နာသူကလေးများ၊ ပြစ်မှုကျူးလွန်သူများနှင့် မျက်မြင်သက်သေများအတွက် ကလေးသူငယ်နှင့် အဆင်ပြေသော ချဉ်းကပ်မှုများဖြစ်ကြောင်း သေချာစေခြင်း။

**ကလေးသူငယ်များအတွက် တရားမျှတမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာကြေညာချက်သည်** သိပ္ပံကော်မတီ၊ စီစဉ်သူလုပ်ဖော်ကိုင်ဖက်များ၊ ကမ္ဘာ့ကွန်ဂရက်မှ ပါဝင်သူများနှင့် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးများ၏ အားထုတ်မှုများနှင့်အတူ ကမ္ဘာ့ကွန်ဂရက်လုပ်ငန်းစုနှင့် ၎င်း၏ ကလေးနှင့်လူငယ်အကြံပေးအဖွဲ့တို့မှ ရေးဆွဲထားသည်။

ပိုမိုသိရှိလိုပါက www.justicewithchildren.org သို့ဝင်ရောက်ကြည့်ရှုပါ။